ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန

# မြန်မာဖတ်စာ

## သူငယ်တန်း

## GRADE 1

အခြေခံပညာသင်ရိုးညွှန်းတမ်း၊ သင်ရိုးမာတိကာ၊
ကျောင်းသုံးစာအုပ်ကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန

# မြန်မာဖတ်စာ

## သူငယ်တန်း

## GRADE 1

အခြေခံပညာသင်ရိုးညွှန်းတမ်း၊ သင်ရိုးမာတိကာနှင့်
ကျောင်းသုံးစာအုပ်ကော်မတီ

၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ၊ အုပ်ရေ- ၁၂၀၀၀၀

၂၀၁၅-၂၀၁၆ ပညာသင်နှစ်

အခြေခံပညာ သင်ရိုးညွှန်းတမ်း၊ သင်ရိုးမာတိကာနှင့် ကျောင်းသုံးစာအုပ်ကော်မတီ၏ မူပိုင်ဖြစ်သည်။

အလုပ်အမိန့်အမှတ် - ၈၂၁/၁၃ ဖြင့်

နေပြည်တော်ပုံနှိပ်တိုက်၊ ဇေယျာသီရိမြို့တွင် ပုံနှိပ်သည်။

# မြန်မာဖတ်စာ

## သူငယ်တန်း



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ ပညာရေးဝန်ကြီးဌာန
အခြေခံပညာသင်ရိုးညွှန်းတမ်း၊ သင်ရိုးမာတိကာနှင့်
ကျောင်းသုံးစာအုပ်ကော်မတီ

# ဆရာများအတွက်အမှာစာ

၁။ သူငယ်တန်း မြန်မာဖတ်စာအုပ်သည် မူလတန်းအောက်ဆင့်တွင် ပထမဦးဆုံး ကျောင်းသို့ စတင်ရောက်စဉ် ကလေးများအား မြန်မာဘာသာစကား စတင်သင်ကြားရန် ပြဋ္ဌာန်းသောစာအုပ် ဖြစ်ပါသည်။

၂။ ဤဖတ်စာအုပ်ကိုသင်ကြားရာတွင် မြန်မာဘာသာစကား၏ကဏ္ဍများဖြစ်သော မြန်မာစာနှင့် မြန်မာစကားတို့ကို ခြေခြေမြစ်မြစ်၊ ခိုင်ခိုင်မြဲမြဲတတ်မြောက်ရန် အလေးထားသင်ကြားရမည် ဖြစ်ပါသည်။ ဘာသာစကားတစ်ခုကို သင်ကြားရာ၌ စာနှင့်ပတ်သက်သော အဖတ်အရွတ်နှင့် အရေးအသား၊ စကားနှင့်ပတ်သက်သော အနာအကြားနှင့် အပြောအဆိုတို့ကို အားလုံးတစ်ပြေးညီ တတ်မြောက်အောင် သင်ကြားရပါမည်။

၃။ ကျောင်းသို့စတင်ရောက်စကလေးငယ်များကို ဘာသာစကား စတင်သင်ကြားရသည်ဖြစ်၍ ကလေးများအား ဗျည်း၊ သရများနှင့် စတင်ကျွမ်းဝင်စေရပါမည်။ ကလေးများကို ဗျည်း၊ သရများ သင်ရာ၌ ဗျည်းတို့၏အသံကို စတင်မိတ်ဆက်ပေးရပါမည်။ 'က' ကလေးငယ် ချစ်စဖွယ် အစချီသော ဗျည်းကဗျာလင်္ကာဖြင့်စတင်ပါမည်။ ထို့နောက် ဗျည်းအရေးအဖတ်၊ ဗျည်းသရတွဲများကို မြန်မာသင်ပုန်းကြီးသင်နည်းအတိုင်း စနစ်တကျသင်ကြားပေးနိုင်ရန် စီစဉ်ထားပါသည်။ ဗျည်း သရ တွဲများသင်ကြားရင်း ကျောင်းရောက်စကလေးငယ်များ ပျော်ပျော်ရွှင်ရွှင်ရွတ်ဆိုတတ်ရန် ကဗျာ လင်္ကာတိုများ၊ ဆောင်ပုဒ်ငယ်များ၊ မင်္ဂလာကဗျာ၊ နိုင်ငံတော်သီချင်းတို့ကို သီဆိုတတ်ကြရန်အတွက် ထည့်သွင်းထားပါသည်။

၄။ ဤသူငယ်တန်းမြန်မာဖတ်စာအုပ်တွင် အကြောင်းအရာများအနေဖြင့် ရိုးရာယဉ်ကျေးမှု၊ နိုင်ငံချစ်စိတ်၊ လူမှုရေး၊ စိုက်ပျိုးရေး၊ သဘာဝကို မြတ်နိုးလိုစိတ်၊ ကျန်းမာရေးဆိုင်ရာ အကြောင်းအရာများ ပါဝင်ပါသည်။ ကလေးငယ်များ ရရှိသင့်ရရှိထိုက်သော ဗဟုသုတများ လည်း ပါဝင်ပါသည်။

၅။ ဖတ်စာပါသင်ခန်းစာများကို ကလေးများအားသင်ကြားသောအခါ အနာအကြားတွင် ဆရာရှင်းပြသည်ကို နားထောင်တတ်ရန်ဖြစ်သည်။ အပြောအဆိုတွင် ဆရာမေးသည်ကို နှုတ်ဖြင့် ဖြေကြားတတ်ရန်ဖြစ်သည်။ အဖတ်အရွတ်တွင် ဗျည်းကဗျာလင်္ကာကို အသံနေအသံ ထားမှန်ကန်စွာ ရွတ်တတ်ရန်၊ ဗျည်းအက္ခရာတို့ကို မှတ်မိစေရန်၊ ဗျည်းအက္ခရာတို့ကို စာလုံးပေါင်း၍ဖတ်တတ်ရန်၊ ဖတ်စာပါဆောင်ပုဒ်တို့ကို ရွတ်ဆိုတတ်ရန်၊ အဓိပ္ပာယ်နားလည် သိရှိရန်၊ ဗျည်းသရတွဲများ ဝါကျတိုများကို စာလုံးပေါင်း၍ ဖတ်တတ်ရန်နှင့် ဖတ်စာပါ ကဗျာများကို ရွတ်ဆိုတတ်ရန် ဖြစ်သည်။ အရေးအသားတွင် ဗျည်းများ၊ စာလုံးများကို အရွယ်ညီညီနှင့် အပင့်အရစ်၊ အငင်အဆွဲ၊ အရေးအဆွဲမှန်ကန်စွာ ရေးတတ်ရန်၊ ကူး၍ ရေးတတ်ရန်ဖြစ်ပါကြောင်း ကလေးများသိရှိ နားလည်တတ်မြောက်သွားရန် ရည်ရွယ်ချက် ထားရှိပြီး သင်ကြားစေလိုပါသည်။

၆။ သူငယ်တန်းမြန်မာဖတ်စာပါဗျည်းကဗျာလင်္ကာကို သင်ကြားရာတွင် 'က' ကလေးငယ် ချစ်စဖွယ်၊ 'ခ' ခရေကုံး မလေးပြုံးစသည်တို့ကို ရွတ်ဆိုရာ၌ ဗျည်းအက္ခရာတို့၏ အသံထွက်ကိုသာ ရွတ်ဆိုစေရပါမည်။ ဗျည်းအက္ခရာတို့၏အမည်များကို မရွတ်ဆိုစေရပါ။ ဗျည်း ကဗျာလင်္ကာ၏ အသံနေ၊ အသံထားပြေပြစ်မှုကို မပျက်ယွင်းစေချင်ပါ။

၇။ ကလေးငယ်များ၏ ဗျည်းအက္ခရာတို့၏ အသံများနှင့် စတင်မိတ်ဆက်ပေးသော ဗျည်း ကဗျာလင်္ကာဖြစ်ပါသည်။ ဗျည်းများ၏အသံကို မှတ်မိပြီးနောက်မှသာ 'ကကြီး'၊ 'ခခွေး'၊ 'ဂငယ်' စသည်ဖြင့် ဗျည်းတို့၏အမည်များ၊ အရေးအဆွဲ၊ အဆွဲအငင်များကို ဆက်လက် သင်ကြားပေးရမည်ဖြစ်ပါသည်။ ဗျည်းသရုပ်ပြ သင်ခန်းစာ (၁) မှ သင်ခန်းစာ (၁၄) ထိ ထည့်သွင်း ထားရာ သင်ခန်းစာ၊ လေ့ကျင့်ရန်၊ ဖတ်စာဟူ၍ သုံးပိုင်းစီ ပါရှိပါသည်။ ဤသုံးပိုင်းစီကို သင်ခန်းစာကျေညက်ပြီးမှ လေ့ကျင့်ရန်ကို သင်ပေးပါ။ လေ့ကျင့်ရန် ကျေညက်ပြီးမှ ဖတ်စာကို သင်ရန် မှာကြားလိုပါသည်။

၈။ တပည့်ငယ်များအား မြန်မာစကား၊ မြန်မာစာကို စတင်သင်ကြားသော ဖတ်စာဖြစ်သဖြင့် အသံထွက် ပီပီသသပြောတတ်ရေး၊ စာလုံးပေါင်း၍ ပီပီသသဖတ်တတ်ရေး၊ အဆွဲအငင် မှန်မှန် စနစ်တကျရေးသားတတ်ရေးကို သတိဂရုပြုကာ သင်ကြားကြစေလိုပါသည်။ ကဗျာ လင်္ကာ ဆောင်ပုဒ်သီချင်းတို့ကို အသံပီပီသသ၊ အသံအနိမ့်အမြင့်၊ အဆွဲအငင် မှန်မှန် ရွတ်ဆိုတတ်ရန် လေ့ကျင့်သင်ကြားပေးစေလိုပါသည်။

၉။ သူငယ်တန်းမြန်မာစာဖတ်စာကို သူငယ်တန်းကလေးများအားသင်ကြားရာ၌ ဆရာတရှည်း ဦးဆောင်သင်ကြားခြင်းကိုလျှော့၍ တပည့်ငယ်များ ပူးပေါင်းပါဝင် သင်ယူလေ့ကျင့်မှုတို့ကို တိုးမြှင့်ပေးကာ သင်ကြားကြပါရန် မှာကြားအပ်ပါသည်။

၁၀။ မြန်မာစာသင်ချိန်မှာ မူလတန်းအောက်ဆင့်တွင် တစ်ချိန်လျှင်မိနစ် (၃၀) ဖြင့် တစ်ပတ်လျှင် (၁၁) ချိန်သင်ရပါမည်။ တစ်နှစ် (၃၆) ပတ်အတွက် စာသင်ချိန်ပေါင်း (၃၉၆) ကြိမ် ရှိမည် ဖြစ်ပြီး နာရီပေါင်း (၁၉၈) ရှိမည် ဖြစ်ပါသည်။

၁၁။ သူငယ်တန်းမြန်မာဖတ်စာ၏ အခြေခံဖြစ်သော ဗျည်း (၃၃) လုံး အရေးအဖတ်ကို အလျင်စလို မသင်ကြားဘဲ အချိန်များများပေး၍ အလေးထားသင်စေလိုပါသည်။ သင်ခန်းစာ၊ ဖတ်စာများပါ စာလုံးများ၊ ဝါကျတိုစာပိုဒ်များကိုလည်း မှန်ကန်သော အသံထွက်ဖြင့် စာလုံးပေါင်း ဖတ်တတ်ရန် အဓိကရည်ရွယ်ပါသည်။ ဖတ်စာများကို အလွတ်ရေးခိုင်း၊ ဖတ်ခိုင်းခြင်း သည် ကလေးများအတွက် ဝန်ထုပ်ဝန်ပိုးဖြစ်စေသောကြောင့် အရွယ်နှင့်လျော်ညီသော သင်ကြားမှုဖြစ်စေရန် သတိပြုစေလိုပါသည်။

၁၂။ သူငယ်တန်း မြန်မာစာသင်ချိန် ခန့်မှန်းချက်ဇယားကို နမူနာအဖြစ် ဖော်ပြထားပါသည်။

| စဉ် | သင်ခန်းစာခေါင်းစဉ် | သင်ချိန် | လေ့ကျင့်ချိန် | စုစုပေါင်း |
|---|---|---|---|---|
| ၁ | ဗျည်းကဗျာ လင်္ကာ၊ ဗျည်း အက္ခရာနှင့် သရအက္ခရာများ ဗျည်းအမည်များ | ၈ | ၉ | ၁၇ |
| ၂ | ဗျည်းအက္ခရာရေးဆွဲနည်း | ၁၅ | ၃၀ | ၄၅ |
| ၃ | ဗျည်းအက္ခရာ အရေးအဖတ် လေ့ကျင့်ရန် | ၇ | ၁၀ | ၁၇ |
| ၄ | ကဗျာများ (တစ်ပုဒ်လျှင်) | ၁ | ၁ | |
| | ၁၄ ပုဒ် | ( ၂ ချိန် × ၁၄ ) | | ၂၈ |
| ၅ | မင်္ဂလာကဗျာ (တစ်ပုဒ်လျှင်) | ၃ | ၃ | |
| | ၂ ပုဒ် | ( ၆ ချိန် × ၂ ) | | ၁၂ |
| ၆ | နိုင်ငံတော်သီချင်း | ၂ | ၃ | ၅ |
| ၇ | သင်ခန်းစာများ(တစ်ခုလျှင်) | ၃ | ၃ | |
| | ၁၄ ခု | ( ၆ ချိန် × ၁၄ ) | | ၈၄ |
| ၈ | ဖတ်စာများ (တစ်ခုလျှင်) | ၄ | ၄ | |
| | ၁၄ ခု | ( ၈ ချိန် × ၁၄ ) | | ၁၁၂ |
| ၉ | ဆောင်ပုဒ်များ (၃)ခု | ၆ | ၄ | ၁၀ |
| | စုစုပေါင်းသင်ချိန် လေ့ကျင့်ချိန် | | | ၃၃၀ |
| | အရန်သင်ချိန် | | | ၆၆ |
| | တစ်နှစ်(၃၆)ပတ်အတွက် သင်ရန်အချိန် | | | ၃၉၆ |

မှတ်ချက်။ ။ အရန်သင်ချိန်သည် အချိန်ထပ်မံလိုအပ်သော သင်ယူမှုလုပ်ငန်းများ အတွက် အသုံးပြုရန်ဖြစ်ပါသည်။

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၁။ | ဗျည်းကဗျာ လင်္ကာ | ၁ |
| ၂။ | ဗျည်းအက္ခရာနှင့် သရအက္ခရာများ | ၆ |
| ၃။ | ဗျည်းအမည်များ | ၇ |
| ၄။ | ဗျည်းအက္ခရာများရေးဆွဲနည်း | ၈ |
| ၅။ | အရေးအဖတ်လေ့ကျင့်ရန် | ၉ |
| ၆။ | ပတ်ဝန်းကျင်သန့်ရှင်းရေး(ဆောင်ပုဒ်) | ၁၀ |
| ၇။ | တစ်နေ့တာလုပ်ဆောင်ရန်(ဆောင်ပုဒ်) | ၁၁ |
| ၈။ | မင်္ဂလာပါ(ကဗျာ) | ၁၃ |
| ၉။ | ဗျည်းအက္ခရာများ အရေးအဖတ်လေ့ကျင့်ရန် | ၁၄ |
| ၁၀။ | မမ ဝဝ(ကဗျာ) | ၁၆ |
| ၁၁။ | စောစောအိပ်ထ(ကဗျာ) | ၁၇ |
| ၁၂။ | အ အာ အား သရ သင်ကြားခြင်း | ၁၈ |
| ၁၃။ | ဖိုး စ လုံး (ကဗျာ) | ၂၀ |
| ၁၄။ | တို့ကျောင်း (ကဗျာ) | ၂၁ |
| ၁၅။ | အိ အီ အီး သရ သင်ကြားခြင်း | ၂၂ |
| ၁၆။ | အု အူ အူး သရ သင်ကြားခြင်း | ၂၄ |
| ၁၇။ | ချိုးကလေး (ကဗျာ) | ၂၆ |
| ၁၈။ | စည်းလုံးညီညာ (ဆောင်ပုဒ်) | ၂၇ |
| ၁၉။ | အေ အေ့ အေး သရ သင်ကြားခြင်း | ၂၈ |
| ၂၀။ | ပျားသကာလို စကားချို (ကဗျာ) | ၃၀ |
| ၂၁။ | အဲ အဲ့ အယ် သရ သင်ကြားခြင်း | ၃၁ |
| ၂၂။ | မင်္ဂလာ ကဗျာ (၁) | ၃၃ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၂၃။ | အော အော့ အော် သရ သင်ကြားခြင်း | ၃၅ |
| ၂၄။ | အန် အန့် အန်း သရ သင်ကြားခြင်း | ၃၇ |
| ၂၅။ | စံပယ်ပွင့်ကလေးများ (ကဗျာ) | ၃၉ |
| ၂၆။ | ဆန်းသစ်စ (ကဗျာ) | ၄၀ |
| ၂၇။ | ပြေးပွဲ ပြိုင်ပွဲ (ကဗျာ) | ၄၀ |
| ၂၈။ | အို အို့ အိုး သရ သင်ကြားခြင်း | ၄၁ |
| ၂၉။ | ယပင့် ရရစ် ဗျည်းတွဲများ သင်ကြားခြင်း | ၄၃ |
| ၃၀။ | သစ်ပင်စိုက်ကြစို့ (ကဗျာ) | ၄၅ |
| ၃၁။ | ဝဆွဲ ဗျည်းတွဲ သင်ကြားခြင်း | ၄၆ |
| ၃၂။ | ဖိုးသာထူး (ကဗျာ) | ၄၈ |
| ၃၃။ | တောင်တောရယ်သာ (ကဗျာ) | ၄၉ |
| ၃၄။ | ဟထိုး ဗျည်းတွဲ သင်ကြားခြင်း | ၅၀ |
| ၃၅။ | မင်္ဂလာကဗျာ (၂) | ၅၃ |
| ၃၆။ | ယပင့်ဝဆွဲနှင့် ရရစ်ဝဆွဲ ဗျည်းတွဲ သင်ကြားခြင်း | ၅၄ |
| ၃၇။ | ယပင့်ဟထိုးနှင့် ရရစ်ဟထိုး ဗျည်းတွဲ သင်ကြားခြင်း | ၅၆ |
| ၃၈။ | ဝဆွဲဟထိုးနှင့် ရရစ်ဝဆွဲဟထိုး ဗျည်းတွဲ သင်ကြားခြင်း | ၅၈ |
| ၃၉။ | ဆုတောင်း (ကဗျာ) | ၆၀ |
| ၄၀။ | တစ် နှစ် စာကိုချစ် (ကဗျာ) | ၆၁ |
| ၄၁။ | ပြန်လှန် လေ့ကျင့်ခန်း | ၆၂ |
| ၄၂။ | နိုင်ငံတော်သီချင်း | ၆၄ |

# ရွတ်ဆိုရန်
## ဗျည်းကဗျာ

| | | |
|---|---|---|
| က | ကလေးငယ် ချစ်စဖွယ် |  |
| ခ | ခရေကုံး မလေးပြုံး |  |
| ဂ | ဂဏန်းသင် ပြုံးရွှင်ရွှင် |  |
| င | ငချိပ်ပေါင်း စားလို့ကောင်း |  |
| စ | စခန်းသာ တောင်တန်းပြာ |  |

| | | |
|---|---|---|
| ဆ | ဆရာမ ရိုသေကြ |  |
| ဇ | ဇလပ်ဖြူ သင်းကြူကြူ |  |
| ည | ညနေခင်း ရေခပ်ဆင်း |  |
| တ | တမာပင် ရွာအဝင် |  |
| ထ | ထမင်းပွဲ လက်ဆုံနွှဲ |  |

ဒ ဒရယ်ယုန် သားမျိုးစုံ



ဓ ဓနိတန်း ပင်လယ်ကမ်း



န နဖူးပြင် နံ့သာတင်



ပ ပလွေမှုတ် ကိုဖိုးတုတ်



ဖ ဖရုံယို အလွန်ချို



| | | |
|---|---|---|
| ဗ | ဗလကြီး ဆင်ပြောင်စီး |  |
| ဘ | ဘဘိုးအို ဆီးလို့ကြို |  |
| မ | မမလေး ဝလုံးရေး |  |
| ယ | ယမင်းခင် ကကြိုးဆင် |  |
| ရ | ရထားကြီး ပျော်ပျော်စီး |  |

လ လဝါဝါ ထိန်ထိန်သာ



ဝ ဝတုတ်တုတ် ဖိုးဝရုပ်



သ သပြေညို့ အောင်ပွဲကြို



ဟ ဟ ဟာ ဟ ရယ်လိုက်ရ



အ အမိမြေ တို့တိုင်းပြည်
ငါတို့ ချစ်တဲ့ မြေ



F5A

မြည် ကို/မြေ/ ဟု အသံထွက်ပါ။

## ဗျည်းအက္ခရာနှင့် သရအက္ခရာများ

| | | | | |
|---|---|---|---|---|
| က | ခ | ဂ | ဃ | င |
| စ | ဆ | ဇ | ဈ | ည |
| ဋ | ဌ | ဍ | ဎ | ဏ |
| တ | ထ | ဒ | ဓ | န |
| ပ | ဖ | ဗ | ဘ | မ |
| ယ | ရ | လ | ဝ | သ |
| | ဟ | ဠ | အ | |

အ၊ အာ၊ ဣ၊ ဤ၊ ဥ၊ ဦ

ဧ၊ အဲ၊ ဩ၊ ဪ၊ အံ၊ အား

# ဗျည်းအမည်များ

| | | | | |
|---|---|---|---|---|
| က<br>(ကကြီး) | ခ<br>(ခခွေး) | ဂ<br>(ဂငယ်) | ဃ<br>(ဃကြီး) | င<br>(င) |
| စ<br>(စလုံး) | ဆ<br>(ဆလိမ်) | ဇ<br>(ဇကွဲ) | ဈ<br>(ဈမျဉ်းဆွဲ) | ည<br>(ည) |
| ဋ<br>(ဋသန်လျင်းချိတ်) | ဌ<br>(ဌဝမ်းဘဲ) | ဍ<br>(ဍရင်ကောက်) | ဎ<br>(ဎရေမှုတ်) | ဏ<br>(ဏကြီး) |
| တ<br>(တဝမ်းပူ) | ထ<br>(ထဆင့်ထူး) | ဒ<br>(ဒထွေး) | ဓ<br>(ဓအောက်ခြိုက်) | န<br>(နငယ်) |
| ပ<br>(ပစောက်) | ဖ<br>(ဖဦးထုပ်) | ဗ<br>(ဗထက်ခြိုက်) | ဘ<br>(ဘကုန်း) | မ<br>(မ) |
| ယ<br>(ယပက်လက်) | ရ<br>(ရကောက်) | လ<br>(လ) | ဝ<br>(ဝ) | သ<br>(သ) |
| | ဟ<br>(ဟ) | ဠ<br>(ဠကြီး) | အ<br>(အ) | |

ဋကို |တာ့တလင်းချိတ်| ဟု အသံထွက်ပါ ။

# ဗျည်းအက္ခရာရေးဆွဲနည်း

| | | | | |
|---|---|---|---|---|
| က | ခ | ဂ | ဃ | င |
| စ | ဆ | ဇ | ဈ | ည |
| ဋ | ဌ | ဍ | ဎ | ဏ |
| တ | ထ | ဒ | ဓ | န |
| ပ | ဖ | ဗ | ဘ | မ |
| ယ | ရ | လ | ဝ | သ |
| | ဟ | ဠ | အ | |

## အရေးအဖတ် လေ့ကျင့်ရန်

| | | | | | | |
|---|---|---|---|---|---|---|
| က | ဃ | က | ခ | ခ | ဂ | က |
| တ | ဃ | တ | ထ | ထ | ဒ | တ |
| ခ | ဖ | စ | ဆ | ဆ | ဓ | စ |
| ဂ | င | ပ | ဖ | ဖ | ဗ | ပ |
| ဓ | စ | င | ဂ | င | ည | န |
| ဘ | ဟ | တ | သ | လ | ဃ | ရ |
| မ | ပ | ဃ | ရ | ဈ | စ | ဆ |

ရွတ်ဆိုရန်

## ပတ်ဝန်းကျင် သန့်ရှင်းရေး



အိမ် လမ်း ရွာ ကျောင်း၊ သန့်ရှင်းကြောင်း
စုပေါင်း အမှိုက်သိမ်း။

## ရွတ်ဆိုရန်

# လူကလေး၏ တစ်နေ့တာ



စောစောထ



သွားတိုက်



မျက်နှာသစ်



အိပ်ရာသိမ်း



အစာစား



ပလုတ်ကျင်း



အဝတ်လဲ



ကျောင်းသွား

# ရွတ်ဆိုရန်



ကျောင်းပြန်



မိဘကူ



ကစား



ရေချိုး



ညစာစား



စာကြည့်



သွားတိုက်



အိပ်ရာဝင်

ရွတ်ဆိုရန်



မင်္ဂလာပါ

မောင်တို့ မယ်တို့ကျောင်းခန်းဝင်
အပြုံးပန်းကိုဆင်

မင်္ဂလာပါ ဆရာမ
ညီညီညာညာ နှုတ်ဆက်ကြ။

## အရေး အဖတ် လေ့ကျင့်ရန်

မ

မမ

မမ ဝ



ည

ညည

ညည က



ဘ

ဘဘ

ဘဘ ထ



| | |
|---|---|
| က | ဗလ |
| အက | ခဏ |
| ဘ | တသသ |
| အဘ | ပထမ |
| စ | မထရ |
| အစ | ခဏခဏ |
| ဝ | အစအန |
| အဝ | မရမက |

# အရေး အဖတ် အရွတ် အဆို လေ့ကျင့်ရန်



မမ ဝဝ

မမ ဝဝ၊
ထထ က၊
အက ပထမ။

ကပါ ကပါ၊
မမရာ၊
ညည လသာသာ။

ညအခါ၊
ငါစာရ၊
မမ ဝဝ၊
ထထ က။

# ရွတ်ဆိုရန်

## စောစော အိပ်ထ



စောစော အိပ်ထ ပြုကျင့်က
တွင်းပ ကိုယ်ခန္ဓာ။

ရောဂါ ခပ်သိမ်း ရှောင်ခွာတိမ်း
ကင်းငြိမ်း လွန်ချမ်းသာ။

ဉစ္စာ ဓန ပေါကြွယ်ဝ
ထွန်းပ ဉာဏ်ပညာ။

# သင်ခန်းစာ - ၁

| | | |
|---|---|---|
| အ | အာ | အား |
| - | ာ | ား |
| - | ါ | ါး |

| | | | | | |
|---|---|---|---|---|---|
| က | ကာ | ကား | ခ | ခါ | ခါး |
| စ | စာ | စား | ဂ | ဂါ | ဂါး |
| ဆ | ဆာ | ဆား | င | ငါ | ငါး |
| ထ | ထာ | ထား | ဒ | ဒါ | ဒါး |
| န | နာ | နား | ပ | ပါ | ပါး |
| ရ | ရာ | ရား | ဝ | ဝါ | ဝါး |

ခ၊ ဂ၊ င နှင့် ဒ၊ ပ၊ ဝ ခြောက်လုံး မောက် မောက်ချ

## လေ့ကျင့်ရန်


ဆရာမ


စပါး


ဝါး


ငါး


ကစားစရာ

| | | | | |
|---|---|---|---|---|
| အစာ | တမာ | အနာ | ရထား | ဖလား |
| အညာ | သာယာ | ပဝါ | ကစား | နဂါး |



ညအခါ
လသာသာ။
ကစားမလား
နားမလား။



အစား အစာ
ဝါးစားပါ။
အသားပါသလား
ငါး ပါသလား။



ကစားစရာ
ကစားပါ။
အားထားစရာ
သားသား လာ။



စာရ သလား။
ခဏ လာပါ။
ဆရာမ အနား
လာသာ လာပါ။

## ဖိုး စု လုံး



စလုံး စလုံး ဖိုးစလုံး
စောစောစီးစီး စာဆိုတုန်း၊
စာဆိုတုန်းမှာ ဗိုက်က ဆာ
ဆီဆမ်း စားဖို့ ထမင်းရှာ၊
အုပ်ဆောင်းအောက်လား စင်ပေါ်လား
ဆ ဆာ ဆာ့ ဆား။
စ စာ စာ့ စား။

ရွတ်ဆိုရန်



တို့ကျောင်း

ပန်းကလေးများ ပွင့်တော့မည်

ဖူးတံ ဝင့်လို့ ချီ။

နေခြည်မှာ ရွှေရည်လောင်း

ငါတို့ စာသင်ကျောင်း။

# သင်ခန်းစာ - ၂

| | | |
|---|---|---|
| အိ | အီ | အီး |
| ိ | ီ | ီး |
| ၏ | ဤ | သည် |

| | | | | | |
|---|---|---|---|---|---|
| စိ | စီ | စီး | ပိ | ပီ | ပီး |
| ဆိ | ဆီ | ဆီး | မိ | မီ | မီး |
| ညိ | ညီ | ညီး | စည့် | စည် | စည်း |
| တိ | တီ | တီး | မည့် | မည် | မည်း |
| နိ | နီ | နီး | သည့် | သည် | သည်း |

## လေ့ကျင့်ရန်




သာလိကာ



နာရီ



ထီး




ဆီမီး



ဖားစည်

| | | | | |
|---|---|---|---|---|
| မိဘ | သတိ | ညီညီစီ | သမီးသား | ပီပီသသ |
| ညီမ | မထိရ | ခရီး | ဆီးသီးစား | အနီအဝါ |




ညီညီ ညာညာ
အနီးလား။
ဆရာမိဘ
သတိရ။



ဆီမီး ဝါဝါ
ညီညီ စီထားသည်။
အနီးအနား
သမီး သား လာပါ။



အရီး လာသည်။
ဆီးသီး ပါသလား။
အဆီ မစား
အသီးစားပါ။



ဤခရီး နီးသလား။
ငါးနာရီ လာရ၏။
မီးရထား စီးလာပါ။
အလကား မစီးရ။

# သင်ခန်းစာ – ၃

| | | |
|---|---|---|
| အု | အူ | အူး |
| -ု | -ူ | -ူး |
| ဥ | ဦ | ဦး |

| | | | | | |
|---|---|---|---|---|---|
| ကု | ကူ | ကူး | ထု | ထူ | ထူး |
| ခု | ခူ | ခူး | ပု | ပူ | ပူး |
| ဇု | ဇူ | ဇူး | မု | မူ | မူး |
| ဆု | ဆူ | ဆူး | လု | လူ | လူး |
| တု | တူ | တူး | ဟု | ဟူ | ဟူး |

## လေ့ကျင့်ရန်


ငှက်ပျော်


တူ


ဘူးသီး


အာလူး


ဇာဥ

| | | | | |
|---|---|---|---|---|
| မီးပူ | ဆုယူ | အနားယူ | တူရိယာ | အမူအရာ |
| တူထု | ဇာကူး | အတူတူ | မိသားစု | ဘုရားဖူး |

သူပညာ ထူး၏။
ပထမဆု ရသည်။
ဆု ယူလာသည်။
အတုယူစရာ။





ရာသီဥတု ပူသည်။
ထီး ယူလားသလား။
ဦးဦး လာ၏။
အနားယူပါ။


ဤမိသားစု
ဘုရားဖူး လာ၏။
လူစုလာသည်။
ဦးသာထူးပါသလား။





စားစရာ လာယူပါ။
ညီညီညာညာ လာပါ။
လုမယူရ။
အတူတူ စားပါ။

# ရွတ်ဆိုရန်




## ချိုးကလေး

တနင်္ဂနွေ တနင်္လာ
ချိုးကလေး ကူသံသာ။
အင်္ဂါ ဗုဒ္ဓဟူး
ချိုးကလေး တကူ ကူး။
ကြာသပတေး သောကြာ
ချိုးကလေး မှန်မှန်လာ။
စနေမှာ မလာအား
ချိုးကလေး ပျံလို့သွား။ ။

## ရွတ်ဆိုရန်



စည်းလုံးညီညာ၊ အောင်ကြောင်း ဖြာ
ဝမ်းသာ ဆင်နွှဲ၊ တို့အောင်ပွဲ။

# သင်ခန်းစာ - ၄

| | | |
|---|---|---|
| အေ | အေ့ | အေး |
| ေ- | ေ-့ | ေ-း |
| ေ | ၍ | |

| | | | | | |
|---|---|---|---|---|---|
| ကေ | ကေ့ | ကေး | ဖေ | ဖေ့ | ဖေး |
| ငေ | ငေ့ | ငေး | မေ | မေ့ | မေး |
| တေ | တေ့ | တေး | ရေ | ရေ့ | ရေး |
| နေ | နေ့ | နေး | လေ | လေ့ | လေး |
| ပေ | ပေ့ | ပေး | ဝေ | ဝေ့ | ဝေး |

## လေ့ကျင့်ရန်


ရေဘူး


ဖေဖေ မေမေ


နေ့အခါ


ညီလေး


ဈေး

ညနေ ခရီးဝေး ဒူးလေး ဧရာဝတီ ဝေဝေဆာဆာ

လူကလေး စနေနေ့ ဆေးဆရာ ဖားကလေး အေးအေး ဆေးဆေး

# ဖတ်စာ − ၄



သားကလေး တီတာတာ
မေမေ့ အနားလာ။
ဖေဖေ မေမေ သူ့စကား
တူတူရေ ဝါး။

စာအရေးအသား
အလေးထားပါ။
ငေးမနေရ၊
အားခပေး ကူညီပါ။





ယနေ့ နေသာ၏။
လေမလာ၍ ပူသည်။
ခရီးဝေးက လာရသည်။
ရေအေးအေး ပေးပါ။

ဖေဖေ မေမေ
မာပါစေ။
မေမေ့စကား
အရေးထား
ဖေဖေ့ စကား
သား လေးစား။





## ပျားသကာလို စကားချို

တစ်ယောက် စကား၊
တစ်ယောက်နားမှာ၊
မခါးရအောင်၊
သတိဆောင်၍၊
မောင်တို့ဆိုလေ၊
ပျားသကာသို့ ချိုလှစေ။

# သင်ခန်းစာ - ၅

| | | |
|---|---|---|
| အဲ | အဲ့ | အယ် |
| ဲ | ဲ့ | -ယ် |
| | -ယ့် | |

| | | | | | |
|---|---|---|---|---|---|
| ကဲ | ကဲ့ | ကယ် | ဘဲ | ဘဲ့ | ဘယ် |
| ခဲ | ခဲ့ | ခယ် | မဲ | မဲ့ | မယ် |
| ငဲ | ငဲ့ | ငယ် | ရဲ | ရဲ့ | ရယ် |
| ဆဲ | ဆဲ့ | ဆယ် | လဲ | လဲ့ | လယ် |
| နဲ | နဲ့ | နယ် | ဝဲ | ဝဲ့ | ဝယ် |

## လေ့ကျင့်ရန်


ဖရဲသီး


လယ်တဲ


ဘဲကလေး


လူငယ်


ဒရယ်

| | | | |
|---|---|---|---|
| ရေခဲ | ကယ်ဆယ် | လယ်သမား | နီနီရဲရဲ |
| ဘဲဥ | စကားဝဲ | ပုလဲပုတီး | သဲသဲမဲမဲ |
| ရဲသား | ခဝဲသီး | ကဲ့ရဲ့ | |

# ဖတ်စာ - ၅

ဘယ်က လာသလဲ၊
ဘယ်နယ်ကလဲ။
အလယ်က လူ
စကားနည်း၏။





ကလေးငယ်ငယ်
ဘာစားခဲ့သလဲ။
အမဲသားငါး စားရဲ့လား။
ကုလားပဲ စားပါ။

သူသည် နနယ်၏။
လဲနေသူ ထူပေးပါ။
အားငယ်သူ အားပေးပါ။
အတူတူ သယ်ယူပါ။





လယ်သမားလူငယ်
စပါးနယ်နေသည်။
မမ စပါးသယ်၏။
မေမေ စားစရာ ဝယ်လာသည်။
ဖရဲသီး ပါသလား။



## မင်္ဂလာ ကဗျာ

(၁)

လူမိုက်ဆိုလျှင် ရှောင်သွေလွှဲလို့၊
မမှီဝဲနဲ့ ကင်းအောင်နေ။

ပညာရှိကို အရှည်တွဲလို့၊
မှီဝဲဆည်းကပ် နည်းယူစေ။

သုံးပါးရတနာ မိဘများနဲ့၊
ဆရာသမားကို ပူဇော်လေ။

ချမ်းသာကိုပေး ဆက်ဆံရေး၊
မွှေ့ာ်တွေးသုံးချက်ပေ။

အဲဒါမှ ဗုဒ္ဓဝါဒ ကမ္ဘာ့ မင်္ဂလာတွေ။

# သင်ခန်းစာ – ၆

| | | |
|---|---|---|
| အော | အော့ | အော် |
| ော | ော့ | ော် |
| ဩ | ဪ | |

| | | | | | |
|---|---|---|---|---|---|
| ကော | ကော့ | ကော် | ပေါ | ပေါ့ | ပေါ် |
| ခေါ | ခေါ့ | ခေါ် | ဖော | ဖော့ | ဖော် |
| ဇော | ဇော့ | ဇော် | ဘော | ဘော့ | ဘော် |
| တော | တော့ | တော် | မော | မော့ | မော် |
| ဒေါ | ဒေါ့ | ဒေါ် | ရော | ရော့ | ရော် |

## လေ့ကျင့်ရန်


ရဲဘော်



မော်တော်ကား


သော့


ဩဇာသီး


တယော

ကော်ဇော　လူတော်　ဥဩ　ဆော့ကစား　စားတော်ပဲ

ဆော်ဩ　တရားဟော　ပေါ့ပါး　မော့ထား　လာယ်တော



ဆီမီး ပူဇော်ပါ။
ဆရာတော် တရားဟော၏။
ဒေါသ မထားရ။
သာဓု ခေါ်ပါ။



ဓာနည်ရဲဘော်။
လူတော်လူမော်
အဖော်ရ၏။
တော်ပါပေသည်။



ဇော်က ကနေသည်။
ခါးကော့ ထားပါ။
ရယ် ရယ် မော မော
ပေါ့ ပေါ့ ပါး ပါး
တော်တော် မောသလား။



ဒေါ်ဒေါ် ဘယ်က လာသလဲ။
စောစော လာသလား။
အဖော် ခေါ်လာသည်။
ဩဇာသီး ပါ၏။

# သင်ခန်းစာ - ၇

| | | | | | |
|---|---|---|---|---|---|
| အန် | အန့် | အန်း | အမ် | အမ့် | အမ်း |
| –န် | –န့် | –န်း | –မ် | –မ့် | –မ်း |
| | | အံ | အံ့ | | |
| | | –ံ | –ံ့ | | |
| င် | င့် | | နန် | နန့် | နန်း |
| ညံ | ညံ့ | | ပန် | ပန့် | ပန်း |
| ကန် | ကန့် | ကန်း | ကမ် | ကမ့် | ကမ်း |
| ခန် | ခန့် | ခန်း | ခမ် | ခမ့် | ခမ်း |
| ငန် | ငန့် | ငန်း | လမ် | လမ့် | လမ်း |

## လေ့ကျင့်ရန်


ရေကန်


ခဲတံ


အလံ


ကံ့ကော်ပန်း


လမ်း

| | | | | |
|---|---|---|---|---|
| တူသံ | ပန်းကန် | ရေနံ | ထန်းသီး | သန်သန်မာမာ |
| ဆူညံ | ဝါးထရံ | ဆေးတံ | ခရမ်းသီး | အံ့ဩ |

# ဖတ်စာ - ၇



ဘယ်အတန်းကလဲ။
သူငယ်တန်းကပါ။
ခဲတံ ပါသလား။
အခန်းထဲက ယူခဲ့ပါ။



ဦးလေး ဘာထမ်း လာသလဲ။
ဘူးသီး ခရမ်းသီး ပါ၏။
တောလမ်းက လာခဲ့သည်။
မမောပန်းပါ။



ငါး မဖမ်းရ။
ပန်း မခူးရ။
ရေကန်အနီး မဆော့ရ။
စည်းကမ်း လေးစားပါ။



အလံတော် တလူလူ။
တေးသံ သာယာ၏။
စီတန်း၍ လာနေသည်။
အခမ်းအနား စတော့မည်။

## ရွတ်ဆိုရန်



### စံပယ်ပွင့်ကလေးများ

စံပယ်ပွင့်ကလေး ခေါင်းပေါ်တင်၊
အဲဒါ သေးသေးတင်။ | ∸ |
စံပယ်နှစ်ပွင့် ရှေ့မှာရောက်၊
ဝစ္စနှစ်လုံးပေါက်။ | –း |
အောက်နားဆီက တစ်ပွင့်ဟာ၊
အောက်ကမြစ် ကလေးပါ။ | ̣ |
သေသေချာချာ မှတ်လို့ထား
မောင်ညီမလေးများ။ | ∸ –း ̣ |



## ဆန်းသစ်စ

ဆန်းသစ်စ လ ကလေးဟာ၊
အဲဒါ ရေးချပါ။ [-ာ]
ပြောင်းပြန်လှည့်ကာ ဝတ်ဆံထိုး၊
အဲဒါ သဝေထိုး။ [ေ-]
ရေအိုးကလေး ရွက်လာရင်၊
အဲဒါ လုံးကြီးတင်။ [-ိ]
လုံးကြီးတင်မှာ မျက်ဆန်ခတ်၊
လုံးကြီးတင်ဆန်ခတ်။ [-ီ]

| -ာ | ေ- | -ိ | -ီ |
|---|---|---|---|



## ပြေးပွဲ ပြိုင်ပွဲ

ခြေထောက်တစ်ဖက် ထောက်လို့ ရပ်၊
တစ်ချောင်းငင်လို့ မှတ်။ [-ု]
နှစ်ဖက်ရပ်တော့ နှစ်ချောင်းငင်၊
ပြေးပွဲပြိုင်ပွဲ ဝင်။ [-ူ]
ပြေးရင်းပင် နောက်ပြန်လဲ။
နောက်ပစ် ကလေးပဲ။ [-ဲ]

| -ု | -ူ | -ဲ |
|---|---|---|

# သင်ခန်းစာ - ၈

| | | |
|---|---|---|
| ို | ို့ | ိုး |
| ိုယ် | ိုယ့် | |

| | | | | | |
|---|---|---|---|---|---|
| ကို | ကို့ | ကိုး | တို | တို့ | တိုး |
| ခို | ခို့ | ခိုး | ထို | ထို့ | ထိုး |
| စို | စို့ | စိုး | သို | သို့ | သိုး |
| ဖို | ဖို့ | ဖိုး | ကိုယ် | ကိုယ့် | |
| မို | မို့ | မိုး | ဗိုလ် | | |

## လေ့ကျင့်ရန်


ခို


အိုးစည်


အဘိုးအို


စာပို့သမား


သိုးကလေး

| | | | |
|---|---|---|---|
| မိုးခို | မီးဖို | ဆီးယို | ကိုယ်ကာယ |
| ပုဆိုး | ရိုသေ | ရိုးသား | ထမနဲ့ထိုး |
| အားကိုး | မိုးရေ | နို့ဆီဘူး | နို့စို့ကလေး |

လူကလေး နိုးလာသည်။
ကလေးကို မလန့်စေရ။
ငို မနေစေရ။
ရဲဖို့ လိုပါသည်။





ဆရာမ အတန်းထဲသို့ လာသည်။
ရိုရိုသေသေ နေပါ။
စာ တိုးတိုးအံပါ။
ကိုယ့်ကိုယ်ကိုယ် အားကိုးပါ။

မိဘဆရာရိုသေပါ။
ရိုးရိုးသားသား နေပါ။
သာသာယာယာ စကားဆိုပါ။
အဘိုးအိုကို ကန်တော့ပါ။





မိုးလရာသီ
အဘိုးအိုတို့လယ်တဲ
တဲကလေး မိုးယို နေသလား။
ကူညီ၍ မိုးပေးပါ။

# သင်ခန်းစာ - ၉

| ျ | ြ |
|---|---|

| | | | | | |
|---|---|---|---|---|---|
| ကျ | ကျာ | ကျား | ပြ | ပြာ | ပြား |
| ကျိ | ကျီ | ကျီး | ပြိ | ပြီ | ပြီး |
| ကျု | ကျူ | ကျူး | ပြု | ပြူ | ပြူး |
| ကျေ | ကျေ့ | ကျေး | ပြေ | ပြေ့ | ပြေး |
| ကျဲ | ကျဲ့ | ကျယ် | ပြဲ | ပြဲ့ | ပြယ် |
| ကျော | ကျော့ | ကျော် | ပြော | ပြော့ | ပြော် |
| ကျို | ကျို့ | ကျိုး | | | |

## လေ့ကျင့်ရန်



ကျား



ကြာဖူး



မြေပဲ



ကြယ်



ကြိုးကြာ

| | | | |
|---|---|---|---|
| ကျေးဇူး | ပျံသန်း | ပြီးစီး | ဖြေကြား |
| ချီးကျူး | စပါးကျီ | ကြော်ငြာ | မြို့တော် |
| ချော်လဲ | များပြား | ကြံစည် | ကြိုးစား |

# ဖတ်စာ - ၉

ဆရာမ စာပြမည်။
မြေဖြူ ယူလာသည်။
မိမိနေရာ နေကြပါ။
စကားကျယ်ကျယ် မပြောရ။





နေကျဲကျဲ ပူသည်။
နေပူထဲ မပြေးရ။
အဖျားရောဂါ ရမည်။
နေအေးသောအခါ ပြေးကစားပါ။

ပျားရည် ချိုသည်။
အစာကြေပါသည်။
ငါးကြီးဆီ စားပါ။
ကျန်းမာဝဖြိုး လာမည်။





ကျားကြီး ခြေရာကြီး။
မေးဖန်များ စကားရ။
ပျော်ပျော်နေ သေခဲ။
ကျီစားသန်က ရန်များ၏။

## သစ်ပင်စိုက်ကြစို့

သစ်ပင်လေးတွေ စိုက်ကြမယ်၊
တို့ကမ္ဘာလေး လှဖို့ကွယ်။
သစ်ပင်စိုက်ပါ တို့ကမ္ဘာ၊
သာယာလှပ စိမ်းမြမြ။



# သင်ခန်းစာ - ၁၀

ွ

| | | | | | |
|---|---|---|---|---|---|
| ကွ | ကွာ | ကွား | ခွ | ခွာ | ခွား |
| ကွေ | ကွေ့ | ကွေး | ခွေ | ခွေ့ | ခွေး |
| ကွဲ | ကွဲ့ | ကွယ် | တွဲ | တွဲ့ | တွယ် |

## လေ့ကျင့်ရန်


နွား


သခွားသီး


ကျေးရွာ


ပွဲ


ပလွေ

| | | | |
|---|---|---|---|
| စားပွဲ | ပွဲတော် | ပုလဲသွယ် | ခွေးကလေး |
| ခွဲခွာ | ရေနွေး | လူငယ်လူရွယ် | မွေးဖွား |
| တဖွဲဖွဲ | အဘွားအို | လွယ်လွယ်ကူကူ | ဖြူဖြူဖွေးဖွေး |



ဆရာကန်တော့ပွဲ
အတူတကွ သွားကြမည်။
လူစု မကွဲစေရ။
ခွဲခွဲခြားခြား မပြုရ။
ဖော်ဖော်ရွေရွေ နေကြပါ။



နွေဦးရာသီ
ပလွေသံ သာယာ၏။
နွားများကို ဆွဲလာသည်။
အဝေးသို့ မသွားရ။
နေရာရွေး၍ နားမည်။



မယ်ငွေ၏ သားကလေး
အသားဖြူ ဖွေး၏။
ကလေး ထွားသည်။
ယုယုယယ ပွေ့ချီထား၏။
နွေးနွေးထွေးထွေး ထားပါ။



ဤရွာကလေး သာယာသည်။
ဘူးသီး သခွားသီး ပေါ၏။
ရာသီမရွေး မအားကြပါ။
နွားများ မွေးမြူထားသည်။
ပျော်မွေ့စွာ နေကြသည်။



## ဖိုးသာထူး

ဖိုးသာထူး ဖိုးသာထူး၊
အလွန်ဝတဲ့ ဖိုးသာထူး။

ဖိုးသာထူး ဝမ်းပူပူ၊
ဖိုးဝကြီးနဲ့တူ။

တူပါသကွဲ့ မယုံဘြား၊
သည်မှာ ကြည့်ပါလား။



## တောင် တောရယ် သာ

တောင် တောရယ် သာ၊
မာလာက ငုံဖူး။
တစ်ပင်ကို နှစ်ပင်ယှက်တယ်၊
ကျေးငှက်က မြူး။

ှ

| | | | | | |
|---|---|---|---|---|---|
| ငှ | ငှာ | ငှား | ရှိ | | |
| မှ | မှာ | မှား | နှီ | နှီး | |
| ရှ | ရှာ | ရှား | လှီ | လှီး | |
| နှို | နှို့ | နှိုး | ရှု | ရှူ | ရှူး |
| ရှို | ရှို့ | ရှိုး | လှေ | လှေ့ | လှေး |

လေ့ကျင့်ရန်



မှန်



နှဲ



မှို



လှေ



လှည်း

| | | | |
|---|---|---|---|
| မှာကြား | မရှာနှော | ဓားရှ | လှံတံ |
| စပါးနှံ | လှေကား | လှေလှော် | အလှူပွဲ |
| နှေးကွေး | ဝေငှ | အညှာ | လှလှပပ |

အရှေ့ ရွာမှာ ဘာရှိသလဲ။
လူစည်ကားလှပါသည်။
ဘုရားပွဲတော် ရှိပါသလား။
လှည်းစီး၍ လာကြသည်။
လှေစီး၍လည်း လာကြသည်။





လူကလေး မှေးနေသည်။
အအေးမိ၍ နှာစေးသည်။
ရှူဆေး ရှိသလား။
နွေးနွေးထွေးထွေး ရှိပါစေ။

စပါးလှေ့ နေကြသည်။
အဆာပြေ ပဲလှော်ဝါးပါ။
ရေနွေးကြမ်း ငှဲ့ပေးပါ။
စပါးပေါ်မှ အလှူပေးမည်။





ပညာကို ရှာမှီးပါ။
အမှားအမှန် ခွဲခြားပါ။
သတိရှိရမည်။
သနားညှာတာမှု ရှိကြပါ။



ရွတ်ဆိုရန်

## မင်္ဂလာ ကဗျာ

(၂)

ကုသိုလ်ပညာ ဥစ္စာရဖို့
သင့်ရာဒေသ အမြဲနေ။

ရှေးကတင်ကြို ပြုခဲ့ဖူးသည့်
ကောင်းမှုအထူး ရှိပါစေ။

မိမိကိုယ်ကို ကောင်းအောင်ထိန်းလို့
မတိမ်းစေနဲ့ ဆောက်တည်လေ။

ဥစ္စာကိုပေး နေထိုင်ရေး
မျှော်တွေး သုံးချက်ပေ။

အဲဒါမှ ဗုဒ္ဓဝါဒ ကမ္ဘာ့ မင်္ဂလာတွေ။

| ျွ | ြွ |
| --- | --- |

| | | | | |
| --- | --- | --- | --- | --- |
| ကျွေး | ကျွဲ | ကြွ | ကြွာ | ကြွား |
| ချွေ | ချွေး | ကြွေ | ကြွေး | |
| ချွဲ | | ခြွေ | ခြွေး | |
| | | မြွေ | | |

## လေ့ကျင့်ရန်


ကျွဲ


ကြွေအိုး


မြွေ


ကျွဲကောသီး


အကျွေးအမွေး

| | | |
| --- | --- | --- |
| ကြွားဝါ | ငုံကြွေး | ချွေးကျ |
| ကြွယ်ဝ | ကြွေကရား | ချွေတာရေး |
| ကြွေးကြော် | ချွေးမ | |

## ဖတ်စာ - ၁၂



ရွာလူကြီးများ ကြွလာပြီ။
ကြွေပန်းကန် ယူခဲ့ပါ။
ကျွဲကောသီး ထည့်ထားပါ။
ကျွေးမွေး ပြုစုပါရစေ။



မြွေသံလား လေသံလား။
မြွေ သတိထားပါ။
မြွေထိက ဆေးခန်း သွားရမည်၊
ဆရာဝန် ကြွလာပြီ။



လူကလေး အသီးခြွေချ၏။
အသီးများ ကြွေကျလာပြီ။
ကျွဲနွား မစားစေရ။
ချွေးဒီးဒီးကျသည်။



ကြွေပန်းအိုး ဝယ်လာသည်။
အကြွေး မဝယ်ပါ။
ကြွားကြွားဝါဝါ မနေရ။
ငွေကို ချွေတာပါ။

# သင်ခန်းစာ - ၁၃

ျှ   ြွ

| | | | | | |
|---|---|---|---|---|---|
| မျှ | မျှား | | လျှာ | | |
| မျှော | မျှော့ | မျှော် | လျှော | လျှော့ | လျှော် |
| မြွ | မြွေး | | လျှိ | လျှိ့ | လျှိး |

## လေ့ကျင့်ရန်


လျှော


ငါးမျှားတံ


လျှာ


လျှော်စည်း


မီးလျှံ

ညီမျှ
ချော့မြွ
မျှော်မှန်း

လျှောကျ
လျှော့ဈေး
ရေလျှံ



ရေကန်ထဲမှာ မျှော့ရှိ၏။
ငါးများကြမည်။
ငါးများတံ ယူခဲ့ပါ။
ငါးရက ညီညီမျှမျှ ယူကြမည်။



အရသာကိုလျှာက သိသည်။
ဈေးသည် မျှော်နေသည်။
ဈေးလျှော့၍ ပေးမည်လား။
မျှမျှတတ သဘောထားပါ။



လယ်ထဲမှာ ရေလျှံနေပြီ။
လျှော်စည်းများ မျောပါနေကြသဥ
လှေမျှော၍ ဆယ်ယူပါ။
လျှောကျမည် သတိထား။



ကလေးကို မြှူနေသည်။
ချော့မြှူသော်လည်း မရပါ။
လျှာမှာ အနာရှိသလား။
အာဟာရ မျှပါစေ။

# သင်ခန်းစာ - ၁၄

| ◌ွှ | ◌ြွ |
|---|---|

| | | | | |
|---|---|---|---|---|
| လွှ | လွှာ | လွှား | | နွှဲ |
| မွှေ | မွှေ့ | မွှေး | | ရွှဲ |
| ရွှေ | ရွှေ့ | ရွှေး | မြွာ | လွှဲ |

## လေ့ကျင့်ရန်


လွှ


ပျံလွှား


ရေမွှေး


ရွှေဖလား


အမြွှာပူး

ကျောက်လွှား
နွှဲပျော်
လမ်းလွှဲ
မွှေးကြူ

အသီးနွှာ
အစာရှွေး
အသေးအမွှား
ပါးပါးလွှာလွှာ

# ဖတ်စာ — ၁၄



လှသမားများ လှဆွဲနေကြသည်။
ချွေးများ စိုရွှဲနေသည်။
စားစရာကို နွေးထားပါ။
စားစရာ အသီးများ နွှာထ ါ။



နွှဲ့ပျော်စရာ တို့တောရွာ။
စပါးရွှေဝါ အားထားစရာ။
စံပယ်ပန်းများ မွှေးကြူ၏။
ပျံလွှားများ ပျံနေကြသည်။



သူ့ကိုယ်မှာ ရေတွေရွှဲနေသည်။
ပဝါ လွှားထားပါ။
မီးမြန်မြန် မွှေးပါ။
မီးနားမှာ ရွှေ့နေပါ။



ချွေးတရွှဲရွှဲ အားကစားပွဲ။
လွှဲဖယ်၍ မနေပါ။
ပြေးလွှားကစားကြသည်။
အားရပါးရ နွှဲပါဦး။

## ရွတ်ဆိုရန်



### ဆုတောင်း

စပါး ဝါရွှေ ဝင်းပါစေ၊
ပန်းတွေ သင်းပါစေ။

ငှက်ကလေးတွေ မိုးတိမ်ကြား၊
ပျံနိုင်ကြစေသား။

နေရောင်ခြည်လည်း ဖွေးပါစေ၊
လေပြည် အေးပါစေ။

ချစ်မိတ်ဆွေ ပေါင်းဖော်များ၊
ကျန်းမာကြစေသား။

# ရွတ်ဆိုရန်

၁ ၂

တစ် နှစ်၊ စာကိုချစ်။

၃ ၄

သုံး လေး၊ မသိတာမေး။

၅ ၆

ငါး ခြောက်၊ နှစ်ချင်းပေါက်။

၇ ၈

ခုနစ် ရှစ်၊ တပည့်ချစ်။

၉ ၁၀

ကိုး တစ်ဆယ်၊ ကြိုးစားမယ်။



# ပြန်လှန်လေ့ကျင့်ခန်း

| | | | |
|---|---|---|---|
| အ | အိ | အု | အေ |
| | ၏ | ဤ | ၌ |
| အဲ | အော | အန် | အို |
| ျ | ြ | ွ | ှ |

ကန်ထဲမှာ ရေပြည့်နေပြီ။
သာသာယာယာ ရှိပါသည်။
ပျော်ပျော်ပါးပါး လှေလှော်သွားကြမည်။
ကြာပန်းများလည်း ခူးကြမည်။





နွေဦးအခါ ပျော်စရာ
ဘုရားပွဲတော် လာကြသည်။
ဆွေမျိုးများ ပါသလား။
ကြိုဆို ဧည့်ခံမည်။

ရွာသားများ ကျန်းမာကြ၏။
အဖျားအနာ မရှိပါ။
အားကစားကို အားပေး၏။
ကျန်းမာရေးကို ဂရုပြုကြပါသည်။





မြန်မာပြည်သည် ငါတို့ပြည်၊
မြန်မာစာသည် ငါတို့စာ၊
မြန်မာပြည် ကြီးပွားစေရမည်။
ငါတို့ ကြိုးစားကြပါစို့။





# နိုင်ငံတော် သီချင်း

ခြေသံ၊ တရားမျှတ လွတ်လပ်ခြင်းနဲ့မသွေ
တို့ပြည် တို့မြေ၊
များလူခပ်သိမ်း ငြိမ်းချမ်းစေဖို့
ခွင့်တူညီမျှ ဝါဒဖြူစင်တဲ့ ပြည်
တို့ပြည် တို့မြေ၊
ပြည်ထောင်စုအမွေ အမြဲတည်တံ့စေ
အဓိဋ္ဌာန်ပြုပေ ထိန်းသိမ်းစို့လေ၊

(ကမ္ဘာ မကျေ၊ မြန်မာပြည်
တို့ဘိုးဘွား အမွေစစ်မို့
ချစ်မြတ်နိုးပေ၊)(၂)

ပြည်ထောင်စုကို အသက်ပေးလို့
တို့ ကာကွယ်မလေ၊
ဒါတို့ပြည်၊ ဒါတို့မြေ တို့ပိုင်နက်မြေ၊
တို့ပြည်၊ တို့မြေ အကျိုးကို
ညီညာစွာ တို့တစ်တွေ
ထမ်းဆောင်ပါစို့လေ
တို့တာဝန်ပေ
အဖိုးတန် မြေ၊

ပြည် ကို 'ပြေ' ဟု အသံထွက်ပါ။ တို့ကို 'ဒို့' ဟု အသံထွက်ပါ။